# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်စျေးကွက်သတင်းလွှာ

myantrade

July 25 , 2022 Volume 56, Number 15


၂၅.၇.၂၀၂၂

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၇၂၄ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = ၂၄၃၀ ကျပ် |
| CBM Rate | = ၁၈၅၀.၀ ကျပ် |
| ယူရို တစ်ယူရို | = ၁၈၉၄.၄ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၃၃၆.၃ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၂၂၉.၆ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၂၈၇.၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၇၄.၂၇ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၂၀၅ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၁.၂၉ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၁၅.၄၀ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၀.၅၄၀ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးညွန့်အောင် ကုန်သွယ်မှုနှင့်ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးနှင့် စက်သုံးဆီ၊ စားသုံးဆီ တင်သွင်းဖြန့်ဖြူးရောင်းချခြင်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးသို့တက်ရောက်



https://www.commerce.gov.mm

၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်နေ့ (၁၄:၀၀) နာရီအချိန်တွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သော ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးနှင့် စက်သုံးဆီ၊ စားသုံးဆီ တင်သွင်းဖြန့်ဖြူးရောင်းချခြင်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးသို့ ကုန်သွယ်မှုနှင့်ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး ဗဟိုကော်မတီအတွင်းရေးမှူး၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးညွန့်အောင် တက်ရောက်ခဲ့သည်။

အဆိုပါအစည်းအဝေးတွင် လက်တွေ့စက်သုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေ စက်သုံးဆီဆိုင်များတွင် စက်သုံးဆီ နေ့စဉ်ပုံမှန်ရောင်းချပေးနိုင်မှု အခြားလုပ်ငန်းသုံး၊ စီမံကိန်းလုပ်ငန်း၊ အစိုးရဌာနဆိုင်ရာ သုံးစွဲမှုများအတွက် ပုံမှန်ရောင်းချပေးနေမှု၊ စက်သုံးဆီ လက်လီလက်ကားဈေးနှုန်းများ နေ့စဉ်ထုတ်ပြန်၍ သတ်မှတ်ဈေးနှုန်းဖြင့် ရောင်းချပေးမှုအခြေအနေ သတ်မှတ်ရည်ညွှန်းဈေးနှုန်းထက် ပိုမိုရောင်းချနေမှုများအပေါ် ဥပဒေအရ အရေးယူဆောင်ရွက်ခဲ့မှုအခြေအနေများအား ရှင်းလင်းဆွေးနွေးခဲ့သည်။

ဆက်လက်၍ တရားမဝင်ကုန်သွယ်မှုများ တားဆီးထိန်းချုပ်မှုများနှင့် ပတ်သက်၍ နိုင်ငံတော်၏ အခွန်ဘဏ္ဍာတိုးတက်ရရှိစေရေး၊ အခွန်တိမ်းရှောင်ပြီး ရှောင်ကွင်းလမ်းကြောင်းများမှ တရားမဝင် မှောင်ခိုသယ်ဆောင်နေမှုများအပေါ် ထိထိရောက်ရောက် တားဆီးအရေးယူနိုင်ရေးအတွက် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့မှ တာဝန်ရှိပုဂ္ဂိုလ်များအား ဆွေးနွေးမှာကြားခဲ့သည်။

စားသုံးဆီများ သတ်မှတ်ရည်ညွှန်းဈေးနှုန်းဖြင့် ရောင်းချရေး၊ ဈေးကွက်အတွင်း ဆေးဝါးများ ပြတ်လပ်မှုမရှိစေရေး ဈေးအဆမတန် မြှင့်တင်ရောင်းချနေမှုမျိုး မရှိစေရေးမှာကြားပါသည်။

ထို့နောက် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်ကျော်မင်းက တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးနှင့်စပ်လျဉ်း၍ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ လုပ်ငန်းဆောင်ရွက်နေမှုများ၊ မန္တလေးတိုင်းဒေသကြီး တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးချုပ် စိန်လွင်က တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးလုပ်ငန်းများတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ပူးပေါင်းဆောင်ရွက်နေမှုနှင့် လမ်းပန်းဆက်သွယ်မှုလုံခြုံစေရန် ဆောင်ရွက်ပေးနေမှုအခြေအနေများ၊ ကုန်သွယ်မှုနှင့်ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးလုပ်ငန်းကော်မတီ (မန္တလေးရုံးခွဲ)တာဝန်ခံ ဦးရန်နိုင်လွင်က ကုန်သွယ်မှုနှင့်ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးလုပ်ငန်းကော်မတီ (မန္တလေးရုံးခွဲ)၏ လုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများ၊ ရေနံနှင့်ရေနံထွက်ပစ္စည်း ကြီးကြပ်စစ်ဆေးရေးဦးစီးဌာန(PPRD) ညွှန်ကြားရေးမှူးချုပ် ဦးရွှေမော်က စက်သုံးဆီတင်သွင်းဖြန့်ဖြူးရောင်းချခြင်းဆိုင်ရာ ဆောင်ရွက်နေမှုအခြေအနေများ၊ ကုန်သွယ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သူရက တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ လမ်းညွှန်မှုဖြင့် မန္တလေးတံတားဦး လေဆိပ်နှင့် (၁၆) မိုင် ကျောက်ချောစစ်ဆေးရေးစခန်းသို့ သွားရောက်စစ်ဆေးခဲ့မှုအခြေအနေများ၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီမှ စက်သုံးဆီလိုအပ်ချက်ရှိနေမှုအပေါ် ဝယ်ယူလိုမှုအခြေအနေများအား သက်ဆိုင်ရာကဏ္ဍအသီးသီးအလိုက် ဆွေးနွေးတင်ပြကြရာ ဒုတိယဝန်ကြီးက လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဖြေရှင်းပေးခဲ့ပြီး အခမ်းအနားကို (၁၆:၃၀) နာရီအချိန်တွင် ရုပ်သိမ်းခဲ့ကြောင်းသတင်းရရှိသည်။

Source: https://www.commerce.gov.mm/my/article/%E1%80%85%E1%80%AE%E1%80%B8%E1%80%95%E1%8

## မန္တလေးပဲနှမ်းဈေးကွက်၌ ဇူလိုင်တတိယပတ် တစ်ပတ်တာကာလအတွင်း နှမ်းနှင့်ပဲမျိုးစုံဈေးကောင်းရရှိ

မန္တလေးပဲနှမ်းဈေးကွက်၌ ဇူလိုင်တတိယပတ် တစ်ပတ်တာကာလအတွင်း ပြည်တွင်းပြည်ပမှ ဝယ်ယူနေသောကြောင့် နှမ်းနှင့်ပဲမျိုးစုံဈေးကောင်းရရှိနေကြောင်း မန္တလေးမြို့ရှိ ပဲနှမ်းကုန်သည်များ၏ ပြောဆိုချက်အရ သိရသည်။

ဇူလိုင်တတိယပတ် တစ်ပတ်တာကာလအတွင်း မန္တလေးဈေးကွက်၌ ကုလားပဲ V2 နှင့် နှမ်းနက်(စမုန်)မှအပ ကျန်ပဲနှင့်နှမ်းမျိုးစုံမှာ အရောင်းအဝယ်ကောင်းမွန်ပြီး ယခင်တစ်ပတ်ကထက် ဈေးကောင်းရရှိခဲ့ကြောင်းသိရသည်။ အဆိုပါ အရောင်းအဝယ်ဖြစ်ခဲ့သည့် ပဲမျိုးစုံနှင့် နှမ်းဈေးနှုန်းများမှာ ယခုတစ်ပတ်တွင် နှမ်းဖြူတစ်တန်လျှင် ငွေကျပ် ၂၉၉၃၉၀၇ ကျပ်ရှိပြီး ယခင်တစ်ပတ်ကထက် ငွေကျပ် ၂၇၂၁၇၄ ကျပ်မြင့်တက်ခဲ့ကြောင်း၊ ယခုတစ်ပတ်တွင် နှမ်းညိုတစ်တန်လျှင် ငွေကျပ် ၂၅၈၅၆၄၇ ရှိပြီး ယခင်တစ်ပတ်ကထက် ငွေကျပ် ၂၀၄၁၃၀ မြင့်တက်ခဲ့ကြောင်းနှင့် ယခုတစ်ပတ်တွင် နှမ်းနက်(စမုန်) တစ်တန်လျှင် ငွေကျပ် ၃၄၄၂၉၉၃ ရှိပြီး ယခင်တစ်ပတ်ကထက် ငွေကျပ် ၂၀၄၁၃၀ ကျဆင်းခဲ့သည်။

ယခုတစ်ပတ်တွင် မြေပဲလုံးဆန်နီတစ်ပိဿာလျှင် ငွေကျပ် ၅၂၀၀ ဝန်းကျင်ရှိပြီး ယခင်တစ်ပတ်ကထက် ငွေကျပ် ၃၀၀ မြင့်တက်ခဲ့ကာ ယခုတစ်ပတ်တွင် မြေပဲလုံးဆန်ဖြူတစ်ပိဿာလျှင် ငွေကျပ် ၅၂၀၀ ဝန်းကျင်ရှိပြီး ယခင်တစ်ပတ်ကထက် ငွေကျပ် ၆၀၀ ဝန်းကျင် မြင့်တက်ခဲ့သည်။ ထို့ပြင် ယခုတစ်ပတ်တွင် မြေပဲ(ဆီဆန်) တစ်ပိဿာလျှင် ငွေကျပ် ၄၉၀၀ ဝန်းကျင် ရှိပြီး ယခင်တစ်ပတ်ကထက် ငွေကျပ် ၄၀၀ ဝန်းကျင် မြင့်တက်ခဲ့သည်။

ယခုတစ်ပတ်အတွင်း မြေပဲလုံးဆန်နီ၊ မြေပဲလုံးဆန်ဖြူ၊ မြေပဲ(ဆီဆန်)အားလုံး ဈေးမြင့်တက်ခဲ့ပြီး မန္တလေး ဈေးကွက်အတွင်းသို့ ကျောက်ပန်းတောင်းမြို့နယ်အတွင်းမှ မြေပဲအသစ်များ စတင်ဝင်ရောက်လျက်ရှိကြောင်းသိရသည်။ ယခုတစ်ပတ်တွင် ပဲတီစိမ်းအညာတစ်တန်လျှင် ငွေကျပ် ၁၅၅၆၈၃၁ ရှိပြီး ယခင်တစ်ပတ်ကထက် ငွေကျပ် ၈၇၀၉၅ မြင့်တက်ခဲ့ကြောင်း၊ ယခုတစ်ပတ်တွင် ပဲယဉ်းကြီးတစ်တန်လျှင် ငွေကျပ် ၁၃၇၇၈၇၈ ရှိပြီး ယခင်တစ်ပတ်နှင့် ဈေးနှုန်းတူညီကြောင်း သိရသည်။

ယခုတစ်ပတ်တွင် မြေထောက်ပဲတစ်တန်လျှင် ငွေကျပ် ၂၀၉၈၀၀၃ ကျပ်ရှိပြီး ယခင်တစ်ပတ်က ငွေကျပ် ၂၀၄၁၃၀၀ ရှိသဖြင့် တစ်တန်လျှင် ငွေကျပ် ၅၆၇၀၃ ကျပ်မြင့်တက်ခဲ့သည်။ ယခုတစ်ပတ်တွင် ကုလားပဲ V7 တစ်တန်လျှင် ငွေကျပ် ၁၇၃၁၀၂၂ ကျပ်ရှိပြီး ယခင်တစ်ပတ်ကထက် ငွေကျပ် ၅၄၄၃၄ ကျပ်မြင့်တက်ခဲ့ကြောင်း၊ ယခုတစ်ပတ်တွင် ကုလားပဲထိုင်ဝမ် တစ်တန်လျှင် ငွေကျပ် ၁၅၃၅၀၅၈ ကျပ်ရှိပြီး ယခင်တစ်ပတ်ကထက် ငွေကျပ် ၄၈၉၉၂ မြင့်တက်ခဲ့ကြောင်း သိရသည်။

**Source:** https://www.myawady.net.mm/node/28438

## ဘုရင့်နောင်ကုန်စည်ဒိုင်၌ ကြက်သွန်နီဝယ်လိုအားကောင်းသဖြင့် ဈေးနှုန်းအနည်းငယ်မြင့်တက်

ရန်ကုန်မြို့ရှိ ဘုရင့်နောင်ကုန်စည်ဒိုင်သို့ နယ်စုံမှ ကြက်သွန်နီကားအစီးရေ ၃ဝ အထိ အဝင်ရှိသော်လည်း ဝယ်လိုအား ကောင်းသဖြင့် ဈေးနှုန်းအနည်းငယ်မြင့်တက်လာကြောင်း ကြက်သွန်နီစိုက်ပျိုးတင်ပို့ရောင်းချသူများ၏ ပြောဆိုချက်အရသိရ သည်။

ထိုသို့ မြင့်တက်ရာတွင် တစ်ပတ်တာကာလအတွင်း ကြက်သွန်နီတစ်ပိဿာလျှင် ငွေကျပ် ၃ဝဝ ဝန်းကျင်အထိ မြင့်တက်လာခြင်းဖြစ်ပြီး ဆိပ်ဖြူ၊ မုံရွာနှင့် မြင်းခြံဒေသတို့မှ ထွက်ရှိသည့်ကြက်သွန်များကို ရောင်းချနေကြောင်း သိရသည်။ လတ်တလော ကြက်သွန်စိုက်ပျိုးသည့်ဒေသများ၌ ကြက်သွန်နီလက်ကျန်နည်းပါးလျက်ရှိပြီး မိုးကြက်သွန်ထွက်ရှိချိန်မှာလည်း လိုအပ်နေသေးသည့်အတွက် ဈေးကောင်းရရှိနိုင်ကြောင်းသိရသည်။ “ဒီနေ့ရတဲ့ဈေးနှုန်းကတော့ တောင်သူတွေကြိုက်ကြတဲ့ ဈေးနှုန်းပါပဲ။ တောင်သူလက်ထဲမှာတော့ လက်ကျန်အတော်နည်းသွားပါပြီ။ ရှိတဲ့လက်ကျန်တွေမှာလည်း အရည်အသွေး ကောင်းတာတွေ အတော်နည်းသွားပြီ။ နောက်ပြီး အသစ်တွေထွက်ဖို့ကလည်းလိုသေးတယ်” ဟု ပခုက္ကူမြို့မှ ကြက်သွန် ကုန်သည်တစ်ဦးက ပြောသည်။

လက်ရှိတွင် ပခုက္ကူကြက်သွန်ဒိုင်၌ ကြက်သွန်နီတစ်ပိဿာလျှင် ငွေကျပ် ၈ဝဝမှ ၁၄၅ဝ အထိရှိပြီး ဘုရင့်နောင် ကုန်စည်ဒိုင်၌ ဆိပ်ဖြူကြက်သွန်နီ တစ်ပိဿာလျှင် ငွေကျပ် ၁၂၅ဝ မှ ၁၇၅ဝ၊ မုံရွာကြက်သွန်နီ တစ်ပိဿာလျှင် ငွေကျပ် ၁၄ဝဝ မှ ၁၉၅ဝ၊ မြင်းခြံကြက်သွန်နီ တစ်ပိဿာလျှင် ငွေကျပ် ၁၃ဝဝ မှ ၁၈၅ဝ စသည်ဖြင့် ဈေးနှုန်းအသီးသီးရှိကြောင်း သိရ သည်။

**Source:** https://www.myawady.net.mm/node/28429

## ရှမ်းပြည်နယ်(တောင်ပိုင်း)ဒေသ၌ စိုက်ပျိုးထားသည့်ချင်းများ အရောင်းအဝယ်သွက်သဖြင့် တောင်သူများအဆင်ပြေ

ရှမ်းပြည်နယ်(တောင်ပိုင်း)ဒေသ၌ စိုက်ပျိုးထားသည့်ချင်းများကို ယခု ဇူလိုင်လဒုတိယပတ်မှ ယနေ့ (ဇူလိုင်-၂၂)ထိ တူးဖော်ရောင်းချလျက်ရှိရာ အထွက်နှုန်းကောင်းမွန်ပြီး အရောင်းအဝယ်သွက်သဖြင့် တောင်သူများ အဆင်ပြေလျက် ရှိကြောင်း အောင်ပန်းမြို့ရှိ နောင်မွန်သားချင်းပွဲရုံမှ သိရသည်။

ရှမ်းပြည်နယ်(တောင်ပိုင်း)ဒေသတွင် ချင်းများကို မတ်လတွင်စတင်စိုက်ပျိုးကြပြီး ဇူလိုင်လမှစတင်ကာ တူးဖော် ရောင်းချကြခြင်းဖြစ်ကြောင်း၊ ချင်းသည် အရင်းအနှီး၊ ကုန်ကျစရိတ်များပြားခြင်းမရှိသည့် သီးနှံဖြစ်သောကြောင့် ယခုအခါ ဈေးအသင့်အတင့်ရရှိနေ၍ တောင်သူများအဆင်ပြေလျက်ရှိကြောင်း သိရသည်။

“အထွက်နှုန်းကတော့ အရင်နှစ်နဲ့စာရင် တော်တော်ကောင်းတယ်။ ဈေးကတော့ ဈေးကောင်းမရပေမဲ့ အသင့်အတင့် ရတယ်။ ချင်းက အခြားသီးနှံတွေလို ကုန်ကျစရိတ်မများတဲ့အတွက် ဒီဈေးနှုန်းနဲ့ဆို တောင်သူတွေအဆင်ပြေပါတယ်။ မျိုးဖိုးနဲ့ အလုပ်သမားခလောက်ပဲ ကုန်တာပါ။ အရောင်းအဝယ်ကသွက်နေတော့ တောင်သူတွေအဆင်ပြေတာပေ့ါ” ဟု နောင်မွန်သား ချင်းပွဲရုံပိုင်ရှင် ကိုသားငယ်ကပြောပြသည်။

ရှမ်းပြည်နယ်(တောင်ပိုင်း)ဒေသတွင် လက်ရှိအချိန်၌ ချင်းတစ်ပိဿာလျှင် ငွေကျပ် ၆ဝဝ ခန့် ပေါက်ဈေးရှိနေပြီး ယခင်နှစ်ကာလတူက ချင်းတစ်ပိဿာလျှင် ငွေကျပ် ၂ဝဝ သာ ပေါက်ဈေးရှိခဲ့ကြောင်း၊ အဆိုပါချင်းများကို အောင်ပန်းမြို့ရှိ သီးနှံပွဲရုံများမှတစ်ဆင့် နိုင်ငံအနှံ့အပြားသို့ တင်ပို့ရောင်းချလျက်ရှိကြောင်းသိရသည်။

ရှမ်းပြည်နယ်(တောင်ပိုင်း)ဒေသတွင် ချင်းများကို ပင်းတယ၊ ရွာငံ၊ ရပ်စောက်၊ ပင်လောင်း၊ နမ့်စန်၊ ဟိုပုန်းစသည့် ဒေသများတွင် အများအပြား စိုက်ပျိုးကြကြောင်း သိရသည်။

**Source:** ရတနာပုံသတင်းစာ

## ရခိုင်ပြည်နယ်အတွင်း မြို့နယ်ငါးမြို့နယ်၌ ရန်ကုန်တိုင်းဒေသကြီးဈေးကွက်သို့ အဓိကတင်ပို့ရန် ကျောက်ငါးနှင့်ကနုကမာတို့ကို စီးပွားဖြစ်မွေးမြူသူဦးရေများလာ

ရခိုင်ပြည်နယ်အတွင်း မြို့နယ်ငါးမြို့နယ်၌ ရန်ကုန်တိုင်းဒေသကြီးဈေးကွက်သို့ အဓိကတင်ပို့ရန် ကျောက်ငါးနှင့် ကနုကမာတို့ကို စီးပွားဖြစ်မွေးမြူသူ ဦးရေများလာကြောင်း ငါးလုပ်ငန်းဦးစီးဌာန (ရခိုင်ပြည်နယ်) ညွှန်ကြားရေးမှူး ဦးသက်ဦးက ပြောပြ၍သိရသည်။

ရခိုင်ပြည်နယ်တွင် ယခင်က ကျောက်ငါးနှင့် ကနုကမာတို့ကို ရာသီချိန်တွင် ဒေသတွင်းစားသုံးရန်သာ မွေးမြူခဲ့ကြသော်လည်း ယခုအခါ ဈေးကွက်ရှိလာပြီဖြစ်သောကြောင့် တစ်နှစ်ပတ်လုံး စီးပွားဖြစ်မွေးမြူ ထုတ်လုပ်လျက်ရှိကြောင်း၊ သဘာဝရေပြင်တွင် လှောင်အိမ်စနစ်၊ ဖောင်ဖွဲ့စနစ်များဖြင့် ကျောက်ငါးနှင့် ကနုကမာမွေးမြူထုတ်လုပ်ခြင်းကို သံတွဲမြို့နယ်၊ ဂွမြို့နယ်၊ မာန်အောင်မြို့နယ်၊ ရမ်းဗြဲမြို့နယ်၊ ကျောက်ဖြူ မြို့နယ်တို့တွင် မွေးမြူထုတ်လုပ်နေကြောင်း သိရသည်။

"အရင်တုန်းက သဘာဝရေပြင်က ဖမ်းဆီးလို့ရတာကို ဒေသတွင်း စားသုံးဖို့ထုတ်လုပ်တဲ့ အနေအထားပဲဖြစ်ပါတယ်။ အခုကာလမှာတော့ သဘာဝရေပြင်မှာ လှောင်အိမ်စနစ်၊ ဖောင်ဖွဲ့စနစ်နဲ့ တစ်နှစ်ပတ်လုံးမွေးမြူထုတ်လုပ်နေကြပါပြီ။ ကျောက်ငါးကတော့ သုံးလနဲ့ခြောက်လအတွင်းမှာ ဈေးကွက်ကိုပို့လို့ရပြီဖြစ်ပါတယ်။ သဘာဝရေပြင်မှာ ဖမ်းဆီးနေတဲ့ ရေလုပ်သားတွေကပဲ တစ်နိုင်တစ်ပိုင်အနေနဲ့ သူတို့နေထိုင်တဲ့ ကျေးရွာအနီးသဘာဝရေပြင်မှာ မွေးမြူနေကြတာဖြစ်ပါတယ်။ ထွက်ရှိလာတဲ့ ကနုကမာနဲ့ ကျောက်ငါးကိုတော့ ရန်ကုန်တိုင်းဒေသကြီးကို အဓိကတင်ပို့နေတာဖြစ်ပါတယ်" ဟု ဦးသက်ဦးက ပြောပြသည်။

ကျောက်ငါးနှင့် ကနုကမာတို့ကို ယခင်က အဆိုပါမြို့နယ်များအတွင်း ကျေးရွာများအနီးရှိ သဘာဝရေပြင်တွင် တစ်နိုင်တစ်ပိုင်အနေဖြင့် မွေးမြူလုပ်ကိုင်သူဦးရေ ၂၅၀ မှ ဦးရေ ၅၀၀ ခန့်သာရှိခဲ့သော်လည်း ယခုနှစ်ပိုင်းတွင် တစ်နိုင်တစ်ပိုင် လုပ်ကိုင်သူဦးရေ ၇၀၀ မှ ဦးရေ ၁၅၀၀ ထိရှိလာကြောင်း သိရသည်။

ဈေးကွက်ဝင် ကနုကမာတစ်ကောင်လျှင် အရွယ်အစားအလိုက် ငွေကျပ် ၁၅၀၀ မှ ၃၀၀၀ ထိ ပေါက်ဈေးရှိပြီး ကျောက်ငါးတစ်ကောင်လျှင် အရွယ်အစားအလိုက် ငွေကျပ် ၁၅၀၀၀ မှ ၃၀၀၀၀ ထိ ဈေးရှိကာ ရန်ကုန်တိုင်းဒေသကြီးရှိ ဟိုတယ်နှင့် စားသောက်ဆိုင်ကြီးများသို့ တစ်နှစ်ပတ်လုံး ပေးပို့နေရကြောင်း သိရသည်။

Source: ရတနာပုံသတင်းစာ

## တစ်နိုင်ငံလုံးပျားရည်ထွက်ရှိမှု၏ ၆၀ ရာခိုင်နှုန်းကို စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှ ထုတ်လုပ်ပေးလျက်ရှိ



Source: ရတနာပုံသတင်းစာ

တစ်နိုင်ငံလုံးပျားရည်ထွက်ရှိမှု၏ ၆၀ ရာခိုင်နှုန်းသည် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှ ရရှိခြင်းဖြစ်ကြောင်း ပျားလုပ်ငန်းဦးစီးဌာန၏ အချက်အလက်များအရ သိရသည်။

မြန်မာနိုင်ငံတွင် ပြည်ပသို့ ပျားရည်တန်ချိန် ၄၀၀၀ နီးပါးတင်ပို့ပြီး ကျန်ပျားရည်များကို ပြည်တွင်းတွင် သုံးစွဲခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံအတွင်း ပျားမွေးမြူရေးလုပ်ငန်းရှင် ၉၀၀ နီးပါးက ပျားအုံပေါင်း ၂၀၀၀၀၀ နီးပါးဖြင့် နယ်လှည့်ပျားရည်ထုတ်နေခြင်းဖြစ်ပြီး နှစ်စဉ်ပျားရည် မက်ထရစ်တန် ၆၀၀၀ နီးပါး ထွက်ရှိကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ပျားလုပ်ငန်းဦးစီးဌာနမှ သိရသည်။

"မြန်မာပြည်ရဲ့ ပျားရည်ဖောက်သည်တွေကတော့ တရုတ်၊ ဂျပန်၊ ထိုင်း၊ စင်ကာပူ၊ တောင်ကိုရီးယားစတဲ့ အာရှနိုင်ငံတွေဖြစ်ပြီး ဥရောပဒေသကို ဖောက်သည်သစ်ရှာဖို့ အခြေအနေကောင်းတွေ ရှိနေပါတယ်" ဟု ပျားလုပ်ငန်းဦးစီးဌာန တာဝန်ရှိသူတစ်ဦးက ပြောသည်။

ပြီးခဲ့သည့် ၂၀၂၁-၂၀၂၂ ခုနှစ် ခြောက်လတာဘဏ္ဍာနှစ်တွင် ပြည်ပကို ပျားရည် မက်ထရစ်တန် ၁၀၀၀ ကျော်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၁၁ သန်းကျော်ရခဲ့သည်ဟု မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ပျားမွေးမြူမှုဖွံ့ဖြိုးရေးဌာနခွဲ၏ ထုတ်ပြန်ချက်များအရ သိရသည်။

ပျားမွေးမြူသူများသည် တစ်နေရာတည်းလုပ်ငန်းအတည်တကျမရှိဘဲ ပျားပုံးများကိုသယ်ပြီး ရာသီအလိုက် စိုက်ပျိုး ပွင့်ဖူးသည့် သီးနှံများရှိရာဒေသများကို ပြောင်းရွှေ့မွေးမြူကာ ပျားရည်ထုတ်ကြရသည့် ရွှေ့ပြောင်းအလုပ်သမားများဖြစ်သည်။

မြန်မာနိုင်ငံတွင် ပျားရည်ကို ဆီး၊ ပန်းနှမ်း၊ နေကြာ၊ လဲမှို့၊ ပဲစင်းငုံ၊ လိုင်ချီး၊ ရော်ဘာ၊ ပင့်ကူထိပ်ပိတ် (ပန်းသုံးဆင့်)၊ မိုးနှမ်း၊ ပြောင်း စသည့်သီးနှံများ၏ ပန်းပွင့်များကို မွေးမြူရေးပျားက ဝတ်မှုန်ကူးစုပ်ယူပြီး ပျားရည်ထုတ်လုပ်ခြင်းဖြစ်သည်။

ဆီးပျားရည်ကို ဆီးခြံကေ မိုင်ရာချို့ရှိသည့် စစ်ကိုင်းတိုင်းဒေသကြီး ကနီ၊ ဘုတလင်၊ မုံရွာ၊ ယင်းမာပင်တို့မှ လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်၊ ရမည်းသင်းတို့မှလည်းကောင်း၊ နေကြာ၊ လဲမှို့ပျားရည်ကို ညောင်ပင်ဝင်း၊ ရေတာရှည်၊ တောင်ငူတို့မှလည်းကောင်း၊ လိုင်ချီးပျားရည်ကို ကျိုက်ထို၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကချင်နှင့်ကရင်ပြည်နယ် တို့မှလည်းကောင်း၊ ပင့်ကူထိပ်ပိတ်ပျားရည်ကို စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်၊ ကသာ၊ ပုလဲတို့မှလည်းကောင်း၊ မိုးနှမ်း ပျားရည်ကို မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မှလည်းကောင်း၊ ပန်းနှမ်းပျားရည်၊ ပြောင်း ပျားရည်ကို ရှမ်းပြည်နယ်တောင်ပိုင်း၊ မြောက်ပိုင်းတို့မှလည်းကောင်း ထုတ်ယူနေခြင်းဖြစ်ကြောင်း သိရသည်။

Source: ကြေးမုံသတင်းစာ

## STOCK EXCHANGE (25.7.2022)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 25th Jul. 2022

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 7,500 | +200 | +2.74% | 7,400 | 7,500 | 7,300 | 153 | 1,122,100 | 33,109,694 | 248,323 |
| MTSH | 00002 | 2,550 | +0 | +0.00% | 2,500 | 2,600 | 2,500 | 3,243 | 8,159,450 | 38,929,150 | 99,269 |
| MCB | 00003 | 7,200 | +0 | +0.00% | 7,200 | 7,200 | 7,200 | 2 | 14,400 | 10,400,986 | 74,888 |
| FPB | 00004 | 17,500 | +0 | +0.00% | 18,000 | 18,000 | 17,500 | 390 | 6,870,000 | 2,472,053 | 43,261 |
| TMH | 00005 | 2,400 | -50 | -2.04% | 2,400 | 2,400 | 2,400 | 700 | 1,680,000 | 12,823,224 | 30,776 |
| EFR | 00006 | 2,500 | +0 | +0.00% | 2,500 | 2,500 | 2,500 | 10 | 25,000 | 19,977,223 | 49,943 |
| AMATA | 00007 | 4,900 | +100 | +2.08% | 4,900 | 4,900 | 4,900 | 2 | 9,800 | 10,497,598 | 51,438 |

### Market summary

As of 25th Jul. 2022

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 343.69 | +4.04 | +1.19% | 340.44 | 343.69 | 340.44 | 4,500 | 17,880,750 | 7 | 597,898 |

**Index chart**



# Market Overview

## Main Board

As of 1:00 pm, 25th Jul. 2022

| MYANPIX | 343.69 ▲ 4.04 |
|---|---|
| Total Volume (shares) | 4,500 |
| Total Value (MMK) | 18 mil |
| Listed Company | 7 |
| Market Cap. (MMK) | 597,898 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 7,500 | ▲ 200 |
| MTSH | 00002 | 2,550 | ▲ 0 |
| MCB | 00003 | 7,200 | ▲ 0 |
| FPB | 00004 | 17,500 | ▲ 0 |
| TMH | 00005 | 2,400 | ▼ 50 |
| EFR | 00006 | 2,500 | ▲ 0 |
| AMATA | 00007 | 4,900 | ▲ 100 |

TIR